# Information Sheet



VOLUME I, ISSUE 38 13 April 2022

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | သင်္ကြန်ကာလရုံးပိတ်ရက်တွင် ဘုရားဖူးလာရောက်သူများနှင့် အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိ | ၁ |
| ၂ | သင်္ကြန်ကာလအတွင်း အများပြည်သူဆော့ကစားနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ရေကစားမဏ္ဍပ်များ တည်ဆောက်လျက်ရှိ | ၄ |
| ၃ | SEAGF COUNCIL အစည်းအဝေးသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတက်ရောက် | ၇ |
| ၄ | ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းများကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ခြင်း | ၈ |
| ၅ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၉ |
| ၆ | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလအတွင်း ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၈၀၀ ကျော်ရရှိ | ၁၁ |
| ၇ | ARSA အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သောင်းကျန်းသူအဖွဲ့ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သည့် မောင်တောမြို့နယ် ထန်းချောင်းတံတားကို ပြန်လည်ပြုပြင် | ၁၂ |
| ၈ | PDF အကြမ်းဖက်သမားများက မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းပိုင် ရေမောင်းနှင်သည့်ပန့်စက်ရုံအား လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး | ၁၃ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉ | ပင်လည်ဘူးမြို့နယ်အတွင်း၌ KIA အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့တို့က အများပြည်သူပိုင်အဆောက်အဦနှင့် လူနေအိမ်များကို အကာအကွယ်ယူ၍ လုံခြုံရေးတပ်ဖွဲ့များအား ပစ်ခတ်တိုက်ခိုက် | ၁၄ |
| ၁၀ | တောင်ဥက္ကလာပမြို့နယ်ရှိ “ကမ္ဘောဇ" ဘဏ်ခွဲမှ ငွေကျပ်သိန်း ၂,၁၇၀ ခန့်ကို ခားပြတိုက်မှုကျူးလွန်ခဲ့သူများအား သက်သေခံငွေ၊ လက်နက်ခဲယမ်း၊ စိတ်ကြွမူးယစ်ဆေးဝါးများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ | ၂၀ |
| ၁၁ | အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ | ၂၃ |

# Information Sheet

## သင်္ကြန်ကာလရုံးပိတ်ရက်တွင် ဘုရားဖူးလာရောက်သူများနှင့် အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိ



သင်္ကြန်ကာလနှစ်သစ်ကူးရုံးပိတ်ရက်များတွင် နိုင်ငံတစ်ဝန်းရှိ ရှေးဟောင်းဘုရားစေတီ၊ ပုထိုးများ၌ ဘုရားဖူးလာရောက်သူများဖြင့်စည်ကားလျက်ရှိသလို အပန်းဖြေကမ်းခြေစခန်းများ၌လည်း ပျော်ရွှင်စွာရေကစားကြသူများ၊ လာရောက်အပန်းဖြေ အနားယူသူများဖြင့်စည်ကားလျက်ရှိပါသည်။

သင်္ကြန်ကာလရုံးပိတ်ရက်တွင် ရခိုင်ပြည်နယ်အတွင်းရှိ အထင်ကရရှေးဟောင်း သမိုင်းဝင်ဘုရား၊ စေတီပုထိုးများရှိရာနေရာများတွင် ဧပြီလ ၁၀ ရက်မှစ၍ မင်းပြား၊ မြေပုံ၊ ပေါက်တော၊ ကျောက်တော်၊ စစ်တွေနှင့် ပုဏ္ဏားကျွန်းမြို့စသောမြို့နယ်များမှ ဘုရားဖူးလာရောက်သော ဒေသခံပြည်သူများဖြင့် စည်ကားလျက်ရှိပါသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားများတွင်လည်း သင်္ကြန်အကြိုကာလအတွင်း နေ့စဉ်ဘုရားဖူးလာရောက်သူ ၂၀,၀၀၀ ကျော်ခန့်ရှိကြောင်းသိရှိရပြီး ရွှေစည်းခုံဘုရားကြီးသို့ ဘုရားဖူးလာရောက်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရန် သာမန်ရက်များတွင် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိသာ ဖွင့်လှစ်ထားပြီး အခါကြီးရက်ကြီးများတွင် နံနက် ၅ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ထားပါသည်။ ပုဂံဒေသရှိ ရှေးဟောင်းသမိုင်းဝင်ဘုရားများနှင့်တန်ခိုးကြီးဘုရား၊ စေတီများတွင်လည်း ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိပါသည်။

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်းရှိ သမိုင်းဝင်တန်ခိုးကြီး မန်းရွှေစက်တော်ဘုရားကြီး၌ သင်္ကြန်နှစ်သစ်ကူးရုံးပိတ်ရက်များတွင် တည်းခိုဆောင်များ ပြည့်လျှံသည်အထိ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိပါသည်။

နိုင်ငံတစ်တစ်ဝန်းရှိ တန်ခိုးကြီးဘုရားများနှင့် သမိုင်းဝင်ဘုရားစေတီ၊ ပုထိုးများ ရှေးဟောင်းသမိုင်းဝင်နေရာများသို့ လာရောက်ကြသော အနယ်နယ်အရပ်ရပ်မှ ဒေသခံပြည်သူများအနေဖြင့် အလှဓါတ်ပုံရိုက်ကူးခြင်း၊ ကုသိုလ်ကောင်းမှုများပြုလုပ်ခြင်းနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများဝယ်ယူခြင်းဖြင့် သင်္ကြန်ကာလာရုံးပိတ်ရက်ကို စိတ်လက်အေးချမ်းစွာဖြင့် ပျော်ရွှင်စွာဖြတ်သန်းလျက်ရှိကြောင်း သိရှိရပါသည်။

ပြင်ဦးလွင်၊ တောင်ကြီး၊ အင်းလေး၊ ကလောစသည့် တောင်ပေါ်ဒေသများသို့လည်း သွားရောက်လည်ပတ်သူများ၊ ဖောင်တော်ဦးဘုရားဖူးကြသူများ၊ အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိပါသည်။

နိုင်ငံတစ်ဝန်းရှိ ပင်လယ်ကမ်းခြေများဖြစ်သည့် ငွေဆောင်၊ ချောင်းသာ၊ ငပလီ၊ မောင်းမကန်၊ စက်စဲကမ်းခြေတို့၌ သင်္ကြန်ကာလရုံးပိတ်ရက်အတွင်း အပန်းဖြေအနားယူသူများ၊ ရေကစားသူများဖြင့် စည်ကားများပြားလျက်ရှိပြီး ဟိုတယ်များ၊ တည်းခိုရာနေများတွင်လည်း လာရောက်တည်းခိုကြသူများဖြင့်



**မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်းရှိ သမိုင်းဝင်တန်ခိုးကြီး မန်းရွှေစက်တော်ဘုရားကြီး၌ သင်္ကြန် နှစ်သစ်ကူးရုံးပိတ်ရက်များတွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားနေမှု**

ပြည့်လျှံနေသဖြင့် ကမ်းခြေအနီးရှိကျေးရွာများတွင်လည်း လာရောက်တည်းခို၍ အပန်းဖြေအနားယူကြသူများဖြင့် နှစ်သစ်ကူးရုံးပိတ်ရက်ကာလကို ပျော်ရွှင်အေးချမ်းစွာ ဖြတ်သန်းလျက်ရှိပါသည်။

သင်္ကြန်ကာလရုံးပိတ်ရက်များတွင် မြန်မာပြည်အရပ်ရပ်မှ ခရီးသွားများသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာရောက်ရင်း မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်ရှိ ပလင်းကမ်းသာယာဆင်စခန်းသို့ လာရောက်လေ့လာကြပြီး အဆိုပါဆင်စခန်း၌ဆင်စီး၍ မြစ်ကမ်းဘေးအလှများကို ကြည့်ရှုကြသူများဖြင့် စည်ကားများပြားလျက်ရှိကြောင်းသိရှိရပါသည်။

ထိုကဲ့သို့ ပြည်သူများ အေးချမ်းလုံခြုံစွာဖြင့် သင်္ကြန်ရုံးပိတ်ရက်ကာလတွင် အပန်းဖြေခရီးထွက်ခြင်း၊ ဘုရားဖူးထွက်ခြင်းများကို မရှုစိတ်မနာလိုသောအဖျက်သမားများက လူမှုကွန်ရက်ပေါ်တွင် အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်မည်ဟု လှုံ့ဆော်ဆောင်ရွက်ခြင်းများပြုလုပ်နေသည့်အတွက် တည်ငြိမ်အေးချမ်းမှုကိုလိုလားသော မိဘပြည်သူများလုံခြုံစိတ်ချစွာ သွားလာနေထိုင်နိုင်ရန် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့ဝင်/ထွက် စစ်ဆေးရေးဂိတ်များ၊ ကျေးရွာအတွင်းရှိ စစ်ဆေးရေးဂိတ်များတွင် လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။


**(မြဝတီသတင်းစာ ၁၃-၄-၂၀၂၂)**

- **နိုင်ငံတစ်ဝန်းရှိ တန်ခိုးကြီးဘုရားများနှင့် သမိုင်းဝင်ဘုရားစေတီ၊ ပုထိုးများ ရှေးဟောင်းသမိုင်းဝင်နေရာများသို့ လာရောက်ကြသော အနယ်နယ်အရပ်ရပ်မှ ဒေသခံပြည်သူများအနေဖြင့် အလှဓါတ်ပုံရိုက်ကူးခြင်း၊ ကုသိုလ်ကောင်းမှုများပြုလုပ်ခြင်းနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများဝယ်ယူခြင်းဖြင့် သင်္ကြန်ကာလာရုံးပိတ်ရက်ကို စိတ်လက်အေးချမ်းစွာဖြင့် ပျော်ရွှင်စွာ ဖြတ်သန်းလျက်ရှိ။**
- **သင်္ကြန်ကာလ နှစ်သစ်ကူးရုံးပိတ်ရက်များတွင် နိုင်ငံတစ်ဝန်းရှိ အပန်းဖြေကမ်းခြေများနှင့် လင်းကမ်းသာယာဆင်စခန်းတို့၌ လာရောက်အပန်းဖြေအနားယူသူများ၊ ပျော်ရွှင်စွာ ရေကစားကြသူများဖြင့် စည်ကားလျက်ရှိ။**
- **သင်္ကြန်ရုံးပိတ်ရက်ကာလတွင် အပန်းဖြေခရီးထွက်ခြင်း၊ ဘုရားဖူးထွက်ခြင်းများကို မရှုစိတ်မနာလိုသော အဖျက်သမားများက လူမှုကွန်ရက်ပေါ်တွင် အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်မည်ဟု လှုံ့ဆော်ဆောင်ရွက်ခြင်းများပြုလုပ်နေသည့်အတွက် တည်ငြိမ်အေးချမ်းမှုကိုလိုလားသော မိဘပြည်သူများလုံခြုံစိတ်ချစွာ သွားလာနေထိုင်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့ဝင်/ထွက် စစ်ဆေးရေးဂိတ်များ၊ ကျေးရွာအတွင်းရှိ စစ်ဆေးရေးဂိတ်များတွင် လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိ။**

## သကြိ်န်ကာလရုံးပိတ်ရက်တွင် ဘုရားဖူးလာရောက်သူများနှင့် အပန်းဖြေအနားယူသူများဖြင့် စည်ကားနေသည့် မှတ်တမ်းဓာတ်ပုံများ











# သင်္ကြန်ကာလအတွင်း အများပြည်သူဆော့ကစားနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ရေကစားမဏ္ဍပ်များ တည်ဆောက်လျက်ရှိ



**ရန်ကုန်မြို့တော်ဝန်ဗဟိုမဏ္ဍပ် တည်ဆောက်ပြင်ဆင်နေမှု**

၂၀၂၂ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ရေကစားမဏ္ဍပ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် တည်ဆောက်လျက်ရှိရာ–

- ရန်ကုန်မြို့ရှိ ပန်းပဲတန်း၊ ပုစွန်တောင်၊ ဗိုလ်တထောင်နှင့် ကျောက်တံတားမြို့နယ်နှင့် ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်တို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ရေကစားမဏ္ဍပ်များ တည်ဆောက်လျက်ရှိ။
- ရန်ကုန်မြို့တော်ဝန်ဗဟိုမဏ္ဍပ်တွင် ယိမ်းအကပြိုင်ပွဲများ၊ ရုပ်ရှင်နှင့် ဂီတပညာရှင်များ၏ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်မှုများ၊ သဘင်ပညာရှင်များ၏ အကများဖြင့် တင်ဆက်မှုများအပြင် လမ်းလျှောက်သင်္ကြန်ကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်။
- မန္တလေးမြို့၌ ၂၀၂၂ ခုနှစ် မဟာသင်္ကြန်ပွဲတော်အခမ်းအနားကို မန္တလေးမြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပြီး ကျုံးဘေးတွင်လည်း မန်းစည်ပင်ရေကစားမဏ္ဍပ်နှင့် စတုဒိသာရေကစားမဏ္ဍပ်တို့အပါအဝင် မဏ္ဍပ်ပေါင်း ၁၂ ခုဖြင့် ကျင်းပသွားမည်ဖြစ်။
- ပဲခူးမြို့၌ ၂၀၂၂ ခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် လမ်းလျှောက်သင်္ကြန်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး သင်္ကြန်အကြိုနေ့တွင် ဗဟိုမဏ္ဍပ်၌ ဖွင့်ပွဲအခမ်းအနားပြုလုပ်သွားမည်ဖြစ်။
- ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် မိုးညှင်းမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ဗဟိုမဏ္ဍပ်၊ ရေကစားမဏ္ဍပ်တို့နှင့်အတူ လမ်းလျှောက်သင်္ကြန်ကိုထည့်သွင်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်။
- မကွေးတိုင်းဒေသကြီး၌ ၂၀၂၂ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲကို မကွေးမြို့ ကမ်းနားလမ်းရှိ ဗဟိုမဏ္ဍပ်နှင့် ဝန်ကြီးဌာနမဏ္ဍပ်(၆)ခု စုစုပေါင်းမဏ္ဍပ်(၇)ခုတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်။
- ရခိုင်ပြည်နယ်တွင် ဧပြီ ၁၃ ရက်မှ ၁၆ ရက်ထိ သံတွဲမြို့၌ ဗဟိုမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်တစ်ခု၊ ပေလဲမြို့၌ ဗဟိုမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်တစ်ခုတို့အပြင် အခြားရေကစားမဏ္ဍပ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာ့နှစ်သစ်ကူးနှင့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အခမ်းအနားတွင် ပြည်သူများ စိတ်အေးချမ်းသာစွာပါဝင်ဆင်နွှဲနိုင်ရန်အတွက် သက်ဆိုင်ရာလုံခြုံရေး တာဝန်ရှိသူများနှင့် တည်ငြိမ်အေးချမ်းရေးကို လိုလားသောပြည်သူများပူးပေါင်းပြီး တိုင်းနှင့်ပြည်နယ် မြို့ရွာများတွင် လုံခြုံရေးအစီအမံများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၄-၂၀၂၂)**

# သင်္ကြန်ကာလအတွင်း အများပြည်သူဆော့ကစားနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ရေကစားမဏ္ဍပ်များ တည်ဆောက်နေသည့်မှတ်တမ်းဓာတ်ပုံများ



ရခိုင်ပြည်နယ်၊ စစ်တွေမြို့




ရခိုင်ပြည်နယ်၊ သံတွဲမြို့



မကွေးတိုင်းဒေသကြီး၊ မကွေးမြို့



ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့



ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့




တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့

## သင်္ကြန်ကာလအတွင်း အများပြည်သူဆော့ကစားနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ရေကစားမဏ္ဍပ်များ တည်ဆောက်နေသည့်မှတ်တမ်းဓာတ်ပုံများ



ရခိုင်ပြည်နယ်၊ မောင်တောမြို့



ပဲခူးတိုင်းဒေသကြီး၊ သာပေါင်းမြို့



ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့



မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့

- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ရေကစားမဏ္ဍပ်များကို တည်ဆောက်လျက်ရှိပြီး လမ်းလျှောက်သင်္ကြန်ကိုပါထည့်သွင်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်။

# SEAGF COUNCIL အစည်းအဝေးသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတက်ရောက်



ကမ္ဘောဒီးယားနိုင်ငံ Borei Angkor Resort and Spa ၌ ဧပြီလ ၁၈ ရက်တွင် ကျင်းပသည့် SEAGF COUNCIL အစည်းအဝေးသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ SEAGF COUNCIL အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်း အစည်းအဝေးခန်းမမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ကမ္ဘောဒီးယားနိုင်ငံမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် အဖွင့်အမှာစကားများ အသီးသီးပြောကြားခဲ့ပြီးနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမင်းသိန်း၏က–

- အရှေ့တောင်အာရှဒေသတွင်း၌ အားကစားလှုပ်ရှားမှုများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြှင့်တင်ရေးဆောင်ရွက်မှုများတွင် ရေ့ဆက်ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ပါကြောင်း။
- ကမ္ဘောဒီးယားနိုင်ငံ၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် 32nd SEA Games အတွက် အစစအရာရာ အောင်မြင်စေရန် ဆုမွန်ကောင်းတောင်းပေးပါကြောင်းနှင့် လာမည့် ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည့် 31st SEA Games တွင် တွေ့ဆုံရန်မျှော်လင့်ပါကြောင်း ပြောကြားခဲ့ပါသည်။

အစည်းအဝေးတွင် ဗီယက်နမ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ SEA Games ကျင်းပရေးကော်မတီတာဝန်ရှိသူများက 31st SEA Games နှင့် 32nd SEA Games တို့နှင့်ပတ်သက်သည့် အချက်အလက်များ၊ 32nd Combodia SEA Games တွင် ထည့်သွင်းကျင်းပမည့် အားကစားနည်းအမျိုးအစားများ၊ ကျင်းပမည့်နေရာများနှင့် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၁–၄–၂၀၂၂)**

- **ကမ္ဘောဒီးယားနိုင်ငံ Borei Angkor Resort and Spa တွင် ကျင်းပသည့် SEAGF COUNCIL အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးဦးမင်းသိန်း၏နှင့် တာဝန်ရှိသူများက နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်း အစည်းအဝေးခန်းမမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့။**
- **ဗီယက်နမ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ SEA Games ကျင်းပရေးကော်မတီ တာဝန်ရှိသူများက 31st SEA Games နှင့် 32nd SEA Games တို့နှင့်ပတ်သက်သည့်အချက်အလက်များ၊ 32nd Combodia SEA Games တွင် ထည့်သွင်းကျင်းပမည့် အားကစားနည်းအမျိုးအစားများ၊ ကျင်းပမည့်နေရာများနှင့် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားခဲ့။**

# ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းများကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ခြင်း

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းများကို လွတ်လပ်စွာ ရေးသားထုတ်ဝေမှုများ ခွင့်ပြုပေးနေသော်လည်း အချို့သော ပုံနှိပ်သူများ၊ ထုတ်ဝေသူများသည် လွတ်လပ်မှုကိုအခွင့်ကောင်းယူ၍ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများကို ဖောက်ဖျက်ကာ ပုံနှိပ်ထုတ်ဝေ ဆောင်ရွက်လျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် လုပ်ငန်းများပိတ်သိမ်းစေခြင်း၊ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များရုပ်သိမ်းခြင်း၊ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် ဝန်ခံကတိပြုလက်မှတ်ရေးထိုးစေခြင်းများဖြင့် ကြီး ကြပ်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၁ ခုနှစ်အတွင်း ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပုဒ်မ(၈)ပါ စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ခဲ့သော ပုံနှိပ်သူ၊ ထုတ်ဝေသူများအား အရေးယူဆောင်ရွက်ခဲ့ပါသည်-

(က) နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူအေးချမ်းသာယာရေးကို ထိခိုက်စေမည့် အကြောင်းအရာများကို ရေးသားထုတ်လွှင့်ခဲ့သည့် မဂ္ဂဇင်း(၁)အုပ်၊ သတင်းအောက်ချင်စီ(၁၁) ခုတို့အား လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များ ရုပ်သိမ်းခြင်းတို့ကို ဆောင်ရွက်ခဲ့။

(ခ) ညစ်ညမ်းစာအချို့ ဖော်ပြထုတ်ဝေခဲ့သော ထုတ်ဝေသူ(၁)ဦးအား စီမံခန့်ခွဲရေးနည်းလမ်းဖြင့် ဝန်ခံကတိပြုလက်မှတ်ရေးထိုးစေခြင်း၊ ဘာသာရေးအရ ထိခိုက်စေသည့် အကြောင်းအရာများကို ထုတ်ဝေခဲ့သောထုတ်ဝေသူ (၁)ဦးအား လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရုပ်သိမ်းခြင်းတို့ကို ဆောင်ရွက်၍ စနစ်တကျကြီးကြပ်လျက်ရှိ။

(ဂ) လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးကို ထိခိုက်စေသောအကြောင်းအရာများကို ရေးသားဖော်ပြနေကြသည့် Facebook Page များကိုလည်း လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့။

သို့ဖြစ်၍ ပုံနှိပ်သူ၊ ထုတ်ဝေသူများအနေဖြင့် ညစ်ညမ်းစာများပုံနှိပ်ထုတ်ဝေခြင်း၊ တိုင်းရင်းသားလူမျိုးအချင်းချင်း၊ နိုင်ငံသားအချင်းချင်း၊ လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုအရ ထိခိုက်နစ်နာစေမည့် အကြောင်းအရာများဖော်ပြခြင်း၊ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့နှင့် နိုင်ငံသားတိုင်း တန်းတူမှု၊ လွတ်လပ်မှု၊ တရားမျှတမှုအခွင့်အရေးတို့ကို ထိခိုက်စေမည့် အကြောင်းအရာများဖော်ပြခြင်း၊ ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှု၊ လောင်းကစားမှုနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးဆိုင်ရာပြစ်မှုများကို အားပေးလှုံ့ဆော်ရေးသားဖော်ပြခြင်းတို့ကို မပြုလုပ်ကြပါရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားရှိပါသည်။

**(မြဝတီသတင်းစာ ၈-၄-၂၀၂၂)**

- **ပုံနှိပ်သူ၊ ထုတ်ဝေသူများအနေဖြင့် ညစ်ညမ်းစာများ ပုံနှိပ်ထုတ်ဝေခြင်း၊ တိုင်းရင်းသားလူမျိုးအချင်းချင်း၊ နိုင်ငံသားအချင်းချင်း၊ လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုအရ ထိခိုက်နစ်နာစေမည့်အကြောင်းအရာများ ဖော်ပြခြင်း၊ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့နှင့် နိုင်ငံသားတိုင်း တန်းတူမှု၊ လွတ်လပ်မှု၊ တရားမျှတမှုအခွင့်အရေးတို့ကို ထိခိုက်စေမည့်အကြောင်းအရာများဖော်ပြခြင်း၊ ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှု၊ လောင်းကစားမှုနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးဆိုင်ရာပြစ်မှုများကို အားပေးလှုံ့ဆော်ရေးသားဖော်ပြခြင်းတို့ကိုမပြုလုပ်ကြပါရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားရှိ။**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ



**တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအား Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း ပို့ဆောင်ပေးနေမှု**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသော Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးပေးခြင်းတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်း အတာအနေဖြင့် ဧပြီလ ၁၁ ရက်အထိ လူဦးရေစုစုပေါင်း ၂၈ ဒသမ ၂၇ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေး နှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ ၂၂ ဒသမ ၂၇ သန်းနှင့် ပထမ အကြိမ်ထိုးနှံပြီးစီးသူ ၅ ဒသမ ၉၉ သန်းရှိကာ မြန်မာနိုင်ငံ တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေစုစုပေါင်း ၅၁ ဒသမ ၇၁ သန်းထိုးနှံပြီးဖြစ်။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ဧပြီလ ၁၁ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Booster စုစုပေါင်းထိုးနှံပြီးစီးသူ ၁,၁၆၃,၉၃၂ ဦးရှိ။
- ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်ရှိ ဗားတောင်းတောင်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က မတည်လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ အပါအဝင် စေတနာရှင်၊ အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းငွေကျပ်သိန်း ၁,၅၀၀ အကုန်အကျခံကာ ပရဟိတသိမ်ကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒဦးစီး၍ တည်ဆောက်ပြီးစီးခဲ့သည့် အောက်ဆီဂျင်စက်ရုံဖွင့်ပွဲကို ဧပြီလ ၁၀ ရက်တွင် ကျင်းပခဲ့။
- ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေးသိုလှောင်ခန်း၌ထားရှိသည့် ဆေးတစ်လုံးလျှင် တစ်ဦးထိုးနိုင်သော Sinovac အမှတ်တံဆိပ်ကာကွယ်ဆေးအလုံး ၄,၀၀၀ နှင့် ဆေးထိုးအပ်များကို ဧပြီလ ၁၂ ရက်တွင် ချင်းပြည်နယ်၊ မတူပီမြို့သို့ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း ပို့ဆောင်ပေးခဲ့။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ ဧပြီလ ၁၂ ရက်တွင် ဓာတ်ခွဲနမူနာစုစုပေါင်း ၇,၂၅၂ ခုအား စစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၃ ဦးဖြင့် ရောဂါပိုးတွေ့ရှိမှု ၀.၃၂ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၁၂-၄-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၇,၇၉၈,၄၃၄ ခု အားစစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၆၁၂,၄၀၆ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၄၃၄ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၃-၄-၂၀၂၂)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးနေသည့် မှတ်တမ်းဓာတ်ပုံများ









- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဧပြီလ ၁၁ ရက်အထိ လူဦးရေစုစုပေါင်း ၂၈ ဒသမ ၂၇ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ ၂၂ ဒသမ ၂၇ သန်းနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ ၅ ဒသမ ၉၉ သန်းရှိကာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ရေစုစုပေါင်း ၅၁ ဒသမ ၇၁ သန်းထိုးနှံပြီးဖြစ်။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ဧပြီလ ၁၁ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Booster စုစုပေါင်းထိုးနှံပြီးစီးသူ ၁,၁၆၃,၉၃၂ ဦးရှိ။
- ၁၂-၄-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၇,၇၉၈,၄၃၄ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၆၁၂,၄၀၆ ဦး နှင့် သေဆုံးသူစုစုပေါင်း ၁၉,၄၃၄ ဦးဖြစ်ပြီး ၁၂-၄-၂၀၂၂ ရက်တွင် ရောဂါပိုးတွေ့ရှိမှု ၀.၃၂ ရာခိုင်နှုန်းရှိ။

# ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလအတွင်း ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကျော်ရရှိ



၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလအတွင်း ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၈၀၀ ကျော် ရရှိကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရှိရပါသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၌ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်အထိ ပင်လယ်ရေကြောင်းမှ ပဲမျိုးစုံ ၁,၀၂၈,၂၁၅.၈၁၇ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၇၈၀.၁၅၆ သန်းရရှိကာ နယ်စပ်ကုန်သွယ်ရေးမှ ၆၁,၈၉၅.၉၂၄ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၅၀.၄၆၉ သန်းရရှိခဲ့သဖြင့် စုစုပေါင်းပဲမျိုးစုံ ၁,၀၉၀, ၁၁၁.၇၄၁ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၃၀.၆၂၅ သန်းရရှိခဲ့ပါသည်။

ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်က ပင်လယ်ရေကြောင်းမှ ၁,၂၄၂,၇၇၅.၂၃၁ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၉၆၆.၄၀၇ သန်း၊ နယ်စပ်ကုန်သွယ်ရေးမှ ၇၈၆,၉၂၀.၆၅၁ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၆၀၄.၃ သန်း ရရှိခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၁-၄-၂၀၂၂)**

- **၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၌ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှ ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်အထိ ပင်လယ်ရေကြောင်းမှ ပဲမျိုးစုံ ၁,၀၂၈,၂၁၅.၈၁၇ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၇၈၀.၁၅၆ သန်းရရှိကာ နယ်စပ်ကုန်သွယ်ရေးမှ ၆၁,၈၉၅.၉၂၄ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၅၀.၄၆၉ သန်းရရှိခဲ့သဖြင့် စုစုပေါင်းပဲမျိုးစုံ ၁,၀၉၀,၁၁၁.၇၄၁ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၃၀.၆၂၅ သန်းရရှိခဲ့။**

# ARSA အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သောင်းကျန်းသူအဖွဲ့ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် မောင်တောမြို့နယ် ထန်းချောင်းတံတားကို ပြန်လည်ပြုပြင်



**ARSA အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းကြောင့် ပျက်စီးခဲ့သည့် ထန်းချောင်းတံတားကို တာဝန်ရှိသူများက ပြန်လည်ပြုပြင်ထားမှု**

ARSA အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ဧပြီလ ၆ ရက် ညပိုင်းတွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းကြောင့် ပျက်စီးခဲ့သည့် ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ကြိမ်ချောင်း-တောင်ပြိုသွားကားလမ်းပေါ်ရှိ ထန်းချောင်းတံတားကို ဧပြီလ ၇ ရက်တွင် မောင်တောမြို့နယ်၊ လမ်းဦးစီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ ထန်းချောင်းတံတားသည် အလျား ၅၀ ပေ၊ အနံ ၁၆ ပေ သံကူကွန် ကရစ်တံတားအမျိုးအစားဖြစ်ပြီး ဖြစ်စဉ်နေရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၈-၄-၂၀၂၂)**

- **ARSA အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းကြောင့် ပျက်စီးခဲ့သည့် ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ကြိမ်ချောင်း-တောင်ပြိုသွားကားလမ်းပေါ်ရှိ ထန်းချောင်းတံတားကို ဧပြီလ ၇ ရက်တွင် မောင်တောမြို့နယ်၊ လမ်းဦးစီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့။**

# PDF အကြမ်းဖက်သမားများက မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းပိုင် ရေမောင်းနှင်သည့် ပန့်စက်ရုံအား လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး



**PDF အကြမ်းဖက်သမားများက မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းပိုင် ရေမောင်းနှင်သည့် ပန့်စက်ရုံအား လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးထားမှု**

ဧပြီလ ၉ ရက်တွင် မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ သမားတော်ကျေးရွာအနောက်ဘက်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းပိုင်၊ လက်ပံတိုနှင့် သာကြီးတောင် ရေနံမြေတို့သို့ ရေမောင်းနှင်ပေးပို့သည့် ရေမောင်းနှင်သည့် ပန့်စက်ရုံအား PDF အကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အကြမ်းဖက်သမားများ၏ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် အဆိုပါပန့်စက်ရုံဝင်းအတွင်းထားရှိပြီး ရေမောင်းနှင်လျက်ရှိသည့် အမေရိကန်နိုင်ငံထုတ် အင်ဂျင်ပန့်စက် ၂ လုံး၏ကွန်ပျူတာဘောက်နှင့် အော်တိုနေတာ စုစုပေါင်း တန်ဖိုးငွေကျပ်သိန်း ၁၀၀ ခန့်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရှိရပါသည်။

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် အစိုးရအုပ်ချုပ်ရေးယန္တရားများရပ်တန့်စေရန်နှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် စစ်ရေးနှင့်မသက်ဆိုင်သည့် အပြစ်မဲ့ပြည်သူများ၊ ရဟန်းသံဃာများနှင့် နိုင်ငံ့ဝန်ထမ်းများအား သတ်ဖြတ်ခြင်း၊ အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများ၊ အဆောက်အဦများနှင့် လမ်း၊ တံတားများအား ဖောက်ခွဲဖျက်ဆီးခြင်းနှင့် ယခုကဲ့သို့ နိုင်ငံတော်ပိုင် စက်ယန္တရားများအား ဖောက်ခွဲဖျက်ဆီးခြင်းများ စသဖြင့် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်များကို မြို့နယ်အချို့၌ အကြောင်းမဲ့လုပ်ဆောင်နေသဖြင့် ၎င်းတို့၏လုပ်ရပ်များအပေါ် ပြည်သူတစ်ရပ်လုံးက ဝေဖန်ပြစ်တင်ရှုတ်ချ၍ ရွံရှာမုန်းတီးလျက်ရှိပါသည်။

အဆိုပါ အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၄-၂၀၂၂)**

- **PDF အကြမ်းဖက်သမားများက မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းပိုင် ရေမောင်းနှင်သည့် ပန့်စက်ရုံအား လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ရာ စုစုပေါင်း တန်ဖိုးငွေကျပ်သိန်း ၁၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့။**

# ပင်လည်ဘူးမြို့နယ်အတွင်း၌ KIA အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့တို့က အများပြည်သူပိုင် အဆောက်အဦနှင့် လူနေအိမ်များကို အကာအကွယ်ယူ၍ လုံခြုံရေးတပ်ဖွဲ့များအား ပစ်ခတ်တိုက်ခိုက်



**ပင်လည်ဘူးမြို့အတွင်း အကြမ်းဖက်သူများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားရာ၌ သိမ်းဆည်းရရှိခဲ့သော လက်နက်/ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ**

KIA အဖွဲ့နှင့် NLD ပါတီထောက်ခံသူ အစွန်းရောက် PDF အကြမ်းဖက်အဖွဲ့များအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်ပတ်ဝန်းကျင်တွင် စခန်းများဆောက်လုပ်ခိုအောင်းပြီး လမ်းများပိတ်ဆို့ခြင်း၊ ဒေသခံပြည်သူလူထုနှင့် ခရီးသွားများအား အဓမ္မဆက်ကြေးတောင်းခံခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့သတ်ဖြတ်ခြင်းများအပြင် မြို့တွင်းသို့ဝင်ရောက်၍ နိုင်ငံပိုင်အဆောက်အဦများ၊ အများပြည်သူနှင့် သက်ဆိုင်သောဆေးရုံများ၊ ကျောင်းများ၊ လူနေအိမ်များ၊ ကျေးရွာများ၊ ဈေးများ၊ နိုင်ငံပိုင်ဘဏ်များ၊ ဌာနဆိုင်ရာရုံးများအား အကာအကွယ်ရယူကာ လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ခြင်းများ ဆောင်ရွက်လာသောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက စနစ်တကျစုဖွဲ့၍ တိုက်ခိုက်ချေမှုန်းခဲ့ပါသည်။

- မတ်လ ၂၉ နှင့် ဧပြီလ ၁ ရက်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပင်လည်ဘူးမြို့နယ်၊ ကပန္တာကျေးရွာအနီး၌ အကြမ်းဖက်အဖွဲ့များနှင့် တွေ့ဆုံပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့။
- ဧပြီလ ၃ ရက်တွင် ပင်လည်ဘူးမြို့၏ အရှေ့မြောက်ဘက် ၈ မိုင်ကျော်ခန့်၊ နွယ်လိမ်းကျေးရွာ၏ အရှေ့မြောက်ဘက် ၁ မိုင်ကျော်ခန့်တွင် သွပ်ဆူးကြိုး ကာရံထားသောစခန်းတစ်ခုအား ရှာဖွေဖော်ထုတ်၍တိုက်ခိုက်ခဲ့ရာ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့။
- အဆိုပါဖြစ်စဉ်များတွင် အကြမ်းဖက်သမားများထံမှ ပြောက်ကျားယူနီဖောင်းဝတ်အလောင်း ၂ လောင်း၊ M-22 ၂ လက်၊ KIA ထုတ် ၄၀ မမ ဖိုးပစ်လောင်ချာ ၁ လက်၊ M-79 ဖိုးပစ်လောင်ချာ ၁ လက်၊ လက်လုပ်တစ်ထောင့်ထိုးသေနတ် ၁ လက်၊ M-22 ကျည် ၅၉ တောင့်၊ ၄၀ မမ ဖိုးသီး ၁၅ လုံး၊ M-22 ကျည်အိမ် ၅ ခု၊ ၇.၆၂ ကျည် ၁၃၁ တောင့်၊ လက်လုပ်လက်ပစ်ဖိုး ၂ လုံး၊ လမ်းလျှောက်စကားပြောစက် ၂ လုံး၊ ပြောက်ကျားယူနီဖောင်း ၁ စုံနှင့် အသုံးအဆောင်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့။
- ဧပြီလ ၄ ရက်တွင် ဒေသခံပြည်သူတို့၏ သတင်းပေးပို့မှုအရ ပင်လည်ဘူးမြို့၏ အရှေ့မြောက်ဘက် ၉ မိုင်ခန့်၊ နွယ်လိမ်းရွာ၏ အရှေ့မြောက်ဘက် ၂ မိုင်ခန့်ရှိ အကြမ်းဖက်အဖွဲ့များ ခိုအောင်းနေသည့်စခန်းအား ဝင်ရောက်တိုက်ခိုက်ခဲ့ရာ သောင်းကျန်းသူအင်အား ၁၅၀ ဦးခန့်နှင့် ထပ်မံထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး ခြံစည်းရိုးကျားလန် ၁ ထပ်ကာရံထားသော စခန်း ၁ ခုနှင့် ပြောက်ကျားယူနီဖောင်းဝတ်ဆင်ထားသော အလောင်း ၂ လောင်း၊ တစ်တောင့်ထိုးသေနတ် ၈ လက်၊ M-22 ကျည်အိမ် ၁၈ ခု၊ M-22 ကျည် ၁၃၅ တောင့်၊ လက်လုပ်သေနတ် ၂ လက်၊ စနိုက်ပါမှန်ပြောင်း ၁ ခုနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့။

- ဧပြီလ ၉ ရက်နှင့် ၁၀ ရက်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သောင်းကျန်းသူစခန်းများအား သွားရောက်တိုက်ခိုက်ချေမှုန်းစဉ် အကြမ်းဖက်အဖွဲ့များအနေဖြင့် ပင်လည်ဘူးမြို့အတွင်းသို့ဝင်ရောက်၍ ဆေးရုံ၊ စာသင်ကျောင်း၊ မီးသတ်အဆောက်အဦ၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘုရားကုန်းနှင့် လူနေအဆောက်အဦများကို အကာအကွယ်ယူကာ နယ်မြေခံရဲစခန်းနှင့် မြို့တွင်းတွင် လုံခြုံရေးဆောင်ရွက်နေသောတပ်ဖွဲ့ဝင်များအား သာလွန်အင်အားဖြင့် တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပင်လည်ဘူးမြို့နှင့် ပတ်ဝန်းကျင်နေရာများအား ဝိုင်းဝန်းပိတ်ဆို့တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက်အဖွဲ့များသည် သေကြေထိခိုက်ဒဏ်ရာရရှိမှုများစွာဖြင့် ပင်လည်ဘူးမြို့၏ မြောက်ဘက်သို့ ဖရိုဖရဲဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့။
- ဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ကျဆုံး/ဒဏ်ရာရရှိမှုရှိခဲ့ပြီး အကြမ်းဖက်သူများထံမှ KIA/PDF လက်မောင်းတံဆိပ်ပါ ပြောက်ကျားဝတ်အလောင်း ၄ လောင်း၊ အားကစားဝတ်စုံဝတ်ဆင်ထားသော အလောင်း ၄ လောင်း စုစုပေါင်း အလောင်း ၈ လောင်း၊ M-22 သေနတ် ၅ လက်၊ AK-47 သေနတ် ၂ လက်၊ KIA ထုတ် ၄၀ မမဆုံလည် ၁ လက်၊ ၇.၆၂ မမ စနိုက်ပါ ၁ လက်၊ M-22 ကျည်အိမ် ၂၂ ခု၊ M-22 ကျည် ၁၃၄၅ တောင့်၊ ၇.၆၂ မမ စနိုက်ပါကျည် ၁၁၅ တောင့်၊ ၄၀ မမ ဗုံးသီး ၉ လုံး၊ KIA ကြိုးဆွဲလက်ပစ်ဗုံး ၁၉ လုံး၊ ၆၀ မမဗုံးသီး ၁၇ လုံး၊ လက်ပစ်ဗုံး ၁ လုံး တို့အား သိမ်းဆည်းရမိခဲ့။
- သိမ်းဆည်းရမိသည့် အကြမ်းဖက်သမားများ၏ အလောင်းအချို့တွင် စိတ်ကြွရူးသွပ်ဆေး သုံးစွဲထားသည့်လက္ခဏာများတွေ့ရှိရပြီး သိမ်းပိုက်ရရှိခဲ့သောစခန်းများအတွင်း၌လည်း မူးယစ်ဆေးဝါးအချို့နှင့်ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့။

အကြမ်းဖက်အဖွဲ့များအနေဖြင့် ယခုကဲ့သို့ စစ်ရေးနှင့်သက်ဆိုင်သောပစ်မှတ်များမဟုတ်ဘဲ အုပ်ချုပ်ရေး၊ ပညာရေးဆိုင်ရာ အဆောက်အဦများနှင့် မြို့/ရွာများအတွင်း လူနေအိမ်များကို အကာအကွယ်ရယူပစ်ခတ်တိုက်ခိုက်ခြင်း၊ စစ်ရေးရည်ရွယ်ချက်အတွက် အသုံးပြုထားခြင်းမရှိသော စစ်ဘက်ပစ်မှတ်မဟုတ်သည့်ဌာနဆိုင်ရာများအား ရည်ရွယ်ချက်ရှိစွာဖြင့် စခန်းချအခြေပြုအကာအကွယ်ယူတိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှုကျူးလွန်ရာရောက်ကြောင်း တွေ့ရှိရပါသည်။

အဆိုပါ ရာဇဝတ်မှုများအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ရာဇသတ်ကြီးနှင့် သက်ဆိုင်ရာတည်ဆဲဥပဒေများဖြင့် ၎င်းတို့အပေါ်ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၁၂-၄-၂၀၂၂)**

- **ပင်လည်ဘူးမြို့နယ်အတွင်း၌ KIA အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့တို့သည် အများပြည်သူပိုင်အဆောက်အဦနှင့် လူနေအိမ်များအား အကာအကွယ်ယူ၍ လုံခြုံရေးတပ်ဖွဲ့များအား သာလွန်အင်အားသုံး၍ ပစ်ခတ်တိုက်ခိုက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းပိတ်ဆို့တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက်အဖွဲ့များသည် သေကြေထိခိုက်ဒဏ်ရာရရှိမှုများစွာဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့။**
- **ဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ကျဆုံး/ဒဏ်ရာရရှိမှုရှိခဲ့ပြီး အကြမ်းဖက်သူများထံမှ အလောင်း ၈ လောင်းနှင့် လက်နက်/ခဲယမ်းမျိုးစုံတို့အား သိမ်းဆည်းရမိခဲ့။**
- **သိမ်းဆည်းရမိသည့် အကြမ်းဖက်သမားများ၏ အလောင်းအချို့တွင် စိတ်ကြွရူးသွပ်ဆေးသုံးစွဲထားသည့် လက္ခဏာများတွေ့ရှိရပြီး သိမ်းပိုက်ရရှိခဲ့သော စခန်းများအတွင်း၌လည်း မူးယစ်ဆေးဝါးအချို့နှင့်ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့။**

## အကြမ်းဖက်အဖွဲ့များ နိုင်ငံပိုင်အဆောက်အဦများအား အကာကွယ်ယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ခဲ့သည့်မှတ်တမ်းဓာတ်ပုံများ





မြို့နယ်စီမံကိန်းရုံး





မြို့နယ်ပြည်သူ့ဆေးရုံ





မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး

# အကြမ်းဖက်အဖွဲ့များ နိုင်ငံပိုင်အဆောက်အဦများအား အကာကွယ်ယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ခဲ့သည့်မှတ်တမ်းဓာတ်ပုံများ




မြို့နယ်ရဲစခန်း





မြို့နယ်မီးသတ်စခန်း




မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနရုံး





အကြမ်းဖက်အဖွဲ့များ နိုင်ငံပိုင်အဆောက်အဦဖြစ်သော မြန်မာ့စီးပွားရေးဘဏ်အား အကာကွယ်ယူ၍
လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ခဲ့မှု






KIA အဖွဲ့နှင့် NLD ပါတီထောက်ခံသူ အစွန်းရောက် PDF အကြမ်းဖက်အဖွဲ့များယာယီဆောက်လုပ်
နေထိုင်လျက်ရှိသည့် စခန်းများမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများနှင့် အခြားဆက်စပ်ပစ္စည်းများ





ပင်လည်ဘူးမြို့အတွင်း အကြမ်းဖက်သူများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားရာ၌ သိမ်းဆည်းရရှိခဲ့သော
လက်နက်/ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ

## KIA နှင့် PDF အကြမ်းဖက်အဖွဲ့များ ခိုအောင်းနေထိုင်ခဲ့သည့် ယာယီစခန်းများ













## တောင်ဥက္ကလာပမြို့နယ်ရှိ “ကမ္ဘောဇ"ဘဏ်ခွဲမှ ငွေကျပ်သိန်း ၂,၁၇၀ ခန့်ကို ဓားပြတိုက်မှုကျူးလွန်ခဲ့သူများအား သက်သေခံငွေ၊ လက်နက်ခဲယမ်း၊ စိတ်ကြွဆေးယစ်ဆေးဝါးများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ




**(၁) စည်သူဝင်း(ခ)တုံတုံ (၂) လှိုင်ဘွားအောင်(ခ)ဘွားကြီး (၃) ဟိန်းထက်ဇော်(ခ) မြင်းကျား (၄) ဇာနည်ထက်(ခ)နဒီပေါင်(ခ)ဇာကြီး (၅) ဟိန်းမင်းသန့်(ခ)ပိုင်သုတ (၆) ပြည့်ဖြိုးကျော်(ခ)ချိုးကြော် (၇) သန့်ဇော်ထွေး(ခ)တရုတ်ကြီးတို့နှင့် သိမ်းဆည်းရမိ သက်သေခံပစ္စည်းများ**

၂၀၂၂ ခုနှစ်၊ ဧပြီလ ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်းရှိ “ကမ္ဘောဇ” ဘဏ်ခွဲအား အမျိုးသား ၉ ဦးက သေနတ်ပြခြိမ်းခြောက်၍ ငွေကျပ်သိန်း ၂,၁၇၀ ခန့်ကို ဓားပြတိုက်လုယက်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သဖြင့် တောင်ဥက္ကလာပမြို့မရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မဖြင့် အမှုဖွင့်လှစ်ကာ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ ဓားပြတိုက်မှုကျူးလွန်ခဲ့သူများသည် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် YGN 7D-3400 TOYOTA PROBOX မော်တော်ယာဉ်အား YGN CC-8336 နံပါတ်ဖြင့် ပြောင်းလဲတပ်ဆင်ကာအသုံးပြုခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် 7D-3400 မော်တော်ယာဉ်အား ဖမ်းဆီးရမိနိုင်ရေးဆောင်ရွက်ခဲ့ရာ ဧပြီလ ၈ ရက်တွင် ၎င်းယာဉ်နှင့်အတူ စမ်းချောင်းမြို့နယ်၊ ဘူတာရပ်ကွက်၊ ဟုမ်းလမ်း(၄)လမ်း၊ အမှတ်(၁၄၇)နေ အာကာကျော်(ခ)အာကာ (၄၁)နှစ်အား ဘူတာရပ်ကွက်၊ ဟုမ်းလမ်းပေါ်ရှိ Orange စတိုးဆိုင်၌ ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်နှင့် စိစစ်ဖော်ထုတ်ချက်များအရ-

- လှည်းကူးမြို့နယ်၌ တရားခံ ၁ ဦးအား ဖမ်းဆီးရမိခဲ့။
- စမ်းချောင်းမြို့နယ်၌ တရားခံ ၃ ဦးအား သက်သေခံငွေ ၁၁၈,၀၀၀ ကျပ်၊ CALDINA မော်တော်ယာဉ် ၁ စီးနှင့်အတူ ဖမ်းဆီးရမိခဲ့။
- အလုံမြို့နယ်၌ တရားခံ ၄ ဦးအား ဓားပြတိုက်ရာမှ ရရှိခဲ့သည့်ငွေ ၁၀,၁၂၅,၀၀၀ ကျပ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၅ ပြား၊ 0.380 AUTO ကျည်တစ်တောင့်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့။
- မင်္ဂလာဒုံမြို့နယ်၌ တရားခံ ၂ ဦးအား ငွေကျပ် ၁၂၉,၉၄၀,၀၀၀ ကျပ်၊ ပစ္စတိုသေနတ်တစ်လက်၊ ကော်သေနတ်တစ်လက်၊ ကျည်ခွံ ၂ ချောင်းတို့နှင့် အတူ ဖမ်းဆီးရမိခဲ့။




**ကမ္ဘောဇဘဏ်ဓားပြတိုက်မှုဖြစ်စဉ်မှ သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများ**

- သုံးခွမြို့နယ်၌ တရားခံ ၇ ဦးအား လက်လုပ်သေနတ် တစ်လက်၊ ၁၂ ဗို့ကျည် ၅ တောင့်၊ ရောင်စုံမီးခိုးဗုံးတစ်လုံး၊ Drone ၂ ခု၊ လက်ကိုင်ဖုန်းမျိုးစုံ ၇ လုံး၊ ဓားပြတိုက်ရာမှရရှိခဲ့သည့် သက်သေခံငွေစက္ကူရောရာ ၁၂၅ သိန်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့။


ဖြစ်စဉ်တွင် ဓားပြတိုက်မှုကျူးလွန်ရာတွင်ပါဝင်သူ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၃ ဦး၊ စုစုပေါင်း (၁၈)ဦးတို့ကို သက်သေခံငွေကျပ် ၁၅၅,၁၈၃,၀၀၀၊ လက်ပစ်ဗုံး ၄ လုံး၊ မီးခိုးဗုံး တစ်လုံး၊ ပစ္စတိုသေနတ်တစ်လက်၊ လက်လုပ်သေနတ် ၂ လက်၊ ကော်သေနတ်တစ်လက်၊ ကျဉ်စက် ၂ ချောင်း၊ ပွိုင့် 22 ကျည် ၄၉ တောင့်၊ ၁၂ ဗို့လ်ကျည် ၅ တောင့်၊ Drone ယာဉ်အစိတ်အပိုင်း ၂ ခု၊ .380 AUTO ကျည်တစ်တောင့်၊ လက်ပစ်ဗုံးဖြူ့စ် ၃ ခု၊ ယမ်းမှုန့် ၁၀ ကျပ်သားခန့်၊ စိတ်ကြွရူးသွပ်ဆေးပြား ၅ ပြားတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

ဖြစ်စဉ်တွင် ဖမ်းဆီးရန်ကျန် တရားခံများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးနှင့် ဖမ်းဆီးရမိတရားခံများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၁၂-၄-၂၀၂၂)**

- **တောင်ဥက္ကလာပမြို့နယ်ရှိ "ကမ္ဘောဇ" ဘဏ်ခွဲမှ ငွေကျပ်သိန်း ၂,၁၇၀ ခန့်ကို ဓားပြတိုက်မှုကျူးလွန်ခဲ့သူ ၁၈ ဦးအား သက်သေခံငွေ၊ လက်နက်ခဲယမ်း၊ စိတ်ကြွမူးယစ်ဆေးဝါးများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့။**

## ၆-၄-၂၀၂၂ ရက် ၁၃၁၀ နာရီတွင် တောင်ဥက္ကလာပမြို့နယ် ကမ္ဘောဇဘဏ်ခွဲ(၂၀)မှ ငွေကျပ် ၂,၁၇၀ သိန်းအား လုယက်မှုဖြစ်စဉ်မှ တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိမှု




- 7D 3400 Probox ယာဉ်မောင်းသူ အာကာကျော်အား ဧပြီလ ၈ ရက် ၀၉၀၀ နာရီတွင် Orange စတိုးဆိုင်တွင် ဖမ်းဆီးရမိပြီး ၎င်း၏ထွက်ဆိုချက်အရ ဆက်စပ်တရားခံများအား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့။
- MG-1 အမျိုးအစားလက်ပစ်ဗုံး (၂)လုံး၊ ထုတ်လုပ်သည့်နိုင်ငံ/အမျိုးအစား (စိစစ်ဆဲ)လက်ပစ်ဗုံး (၁)လုံး၊ မီးခိုးဗုံး (၁)လုံး၊ ရှို့/ပစ်လက်လုပ်လက်ပစ်ဗုံး (၁)လုံး၊ ပစ္စတိုသေနတ် (၁) လက်၊ လက်လုပ်သေနတ် (၂) လက်၊ ကော်သေနတ် ၁ လက်၊ ကျင်စက် ၂ ချောင်း၊ ပွိုင့် ၂၂ ကျည် (၄၉)တောင့်၊ 12 ဗို့ကျည် (၅) တောင့်၊ Drone (၂)ခု၏ အစိတ်အပိုင်းတို့အား သိမ်းဆည်းရမိခဲ့။
- စုစုပေါင်းတရားခံ ၂၃ ဦး၊ (ဖမ်းမိ တရားခံ ၁၈ ဦး၊ ဖမ်းမမိ တရားခံ ၅ ဦး)
- စုစုပေါင်း ၂,၁၇၀ သိန်းကျပ်မှ ၁၅၅,၁၈၃,၀၀၀ ကျပ်တိတိ ပြန်လည်ရရှိပြီး ကျန်ငွေ ၆၁,၈၁၇,၀၀၀ ကျပ် ပျောက်ဆုံးနေကြောင်း။

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက် အောက်ခံအဖွဲ့အစည်းများ၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် လိုက်ပါမလုပ်ဆောင်ရန် တားမြစ်ထားသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးလုပ်ဆောင်ခဲ့သဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းများဆက်လက်ဆောင်ရွက်လျက်ရှိရာ–

- ဧပြီလ ၈ ရက်တွင် မကွေးတိုင်းဒေသကြီး၌ ၁ ဦး၊ ချင်းပြည်နယ်၌ ၁ ဦးနှင့် နေပြည်တော်ကောင်စီနယ်မြေ၌ ၁ ဦး စုစုပေါင်း ၃ ဦးတို့ကို ဖမ်းဆီးခဲ့။
- ဇန်နဝါရီလ ၂၇ ရက်မှ ဧပြီလ ၈ ရက်ထိ စုစုပေါင်း ၂၆၃ ဦးအား ဥပဒေနှင့်အညီ အရေးယူထားပါသည်။

ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၁-၄-၂၀၂၂)**

- **ဧပြီလ ၈ ရက်တွင် မကွေးတိုင်းဒေသကြီး၌ ၁ ဦး၊ ချင်းပြည်နယ်၌ ၁ ဦးနှင့် နေပြည်တော်ကောင်စီနယ်မြေ၌ ၁ ဦး စုစုပေါင်း ၃ ဦးတို့ကို ဖမ်းဆီးခဲ့။**
- **ဇန်နဝါရီလ ၂၇ ရက်မှ ဧပြီလ ၈ ရက်ထိ စုစုပေါင်း ၂၆၃ ဦးအား ဥပဒေနှင့်အညီ အရေးယူထား။**